“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂/၂၀၂၃)

အမှတ်စဉ် (၂/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ငွေကြေးသုံးစွဲမှုတွင် အလေအလွင့်မရှိသုံးစွဲရေးနှင့် ရှိထားသည့် အရင်းအမြစ်များကို အလေအလွင့်မရှိ စီမံရေးအတွက် အရေးကြီးကြောင်း ယာယီသမ္မတပြောကြား

ငွေကြေးသုံးစွဲမှုတွင် အမှန်တကယ်လိုအပ်သည့်နေရာတွင် သုံးစွဲရေး၊ အလေအလွင့်မရှိ သုံးစွဲနိုင်ရန်နှင့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကိုတိတိကျကျ ခံယူရန်လိုအပ်ကြောင်း၊ ရှိထားသည့် =အရင်းအမြစ်များကို တော်လှန်ရေးအရွေ့ တခုဖြစ်အောင် အလေအလွင့်မရှိဘဲ စီမံခန့်ခွဲနိုင်ရန်လွန်စွာ အရေးကြီးပြီး ထိရောက်သည့် စီမံကွပ်ကဲမှုများဖြစ်ရန် စနစ်တကျ လုပ်ဆောင်ရမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဇန်နဝါရီ ၃ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ၈၁ ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ထို့အပြင် ၂၀၂၃ တွင် အလုပ်နှင့်သက်သေပြကြအတွက် အစိုးရအဖွဲ့ကို နှိုးဆော်တိုက်တွန်းပြောကြားထားသလို လူထုစိတ်ပျက်စေမည့် အပြောမျိုးအလုပ်မျိုးများကို ဂရုတစိုက် ရှောင်ကြဉ်ကြရန်နှင့် လူထုထံကရရှိသည့် အထွေထွေအရင်းမြစ်များကို တော်လှန်ရေးအောင်မြင်ဖို့ အတွက် အလေအလွင့်မရှိအောင် စနစ်တကျ စီမံကွပ်ကဲကြရန် ယာယီသမ္မတက ပြောကြားခဲ့သည်။

ထို့အပြင်ပြည်ထောင်စုဝန်ကြီးချုပ်မန်းဝင်းခိုင်သန်းကနှစ်သစ်ကူးမိန့်ခွန်းပြောကြားခဲ့သည့်KIOဥက္ကဌဗိုလ်ချုပ်ကြီး အင်ဘန်လရဲ့ နှစ်သစ်ကူးမိန့်ခွန်းတွင် အကြမ်းဖက်စစ်တပ်ကို ပြည်သူတစ်ရပ်လုံး၏ ရန်သူအဖြစ်သတ်မှတ်ပြီး ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းရန် အတိအလင်းပြောကြားခဲ့သလို ညီနောင်မဟာမိတ် ၃ ဖွဲ့၏ ထုတ်ပြန် ကြေညာချက်ထဲမှာလည်း တော်လှန်ရေးအတွက် လွန်စွာအားဖြစ်စေကြောင်း ပြောကြားခဲ့သည်။

https://bit.ly/3ikMzNr

၂။ ဒုတိယလွတ်လပ်ရေးကိုအရယူကာ နိုင်ငံသစ်ကိုထူထောင်နိုင်ရေးအတွက် စည်းလုံးညီညွတ်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရက သဝဏ်လွှာပေးပို့

စစ်အာဏာရှင်အမြစ်ဖြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ဘုံရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံပဲ လူအင်အား၊ လက်နက်အင်အား အဆပေါင်းများစွာသာလွန်သော နယ်ချဲ့တို့ကို တော်လှန်ခဲ့သည့် စိတ်ဓါတ်များ လက်ဆင့်ကမ်းသယ်ဆောင်ပြီး မြန်မာ့လွတ်လပ်ရေးအရယူခဲ့သည့် သမိုင်းအောင်ပွဲ၏ အောင်စိတ်ကို နှလုံးသွင်းလျက် စစ်အာဏာရှင်အား အမြစ်ဖြတ်၍ ဒုတိယလွတ်လပ်ရေးကိုအရယူကာ နိုင်ငံသစ်ထူထောင်ကြရန် စည်းလုံးညီညွတ်မှုဖြင့် ရှေ့ဆက်ကြရန်တိုက်တွန်းကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရက ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနေ့ အခမ်းအနားများသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ https://bit.ly/3GOArxG

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

https://nugmyanmar.org

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်

"အမျိုးသားညီညွတ်ရေးအစိုးရက (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများသို့ ပေးပို့သော သဝဏ်လွှာ"

ယနေ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့သည် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်။ အင်အားကြီးသောနိုင်ငံများက အင်အားနည်းသောနိုင်ငံများကို နယ်ချဲ့ခြင်း၊ ကိုလိုနီပြုခြင်းများ ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပွားခဲ့စဉ်ကာလဖြစ်သဖြင့် မြန်မာနိုင်ငံသည်လည်း တိုင်းတစ်ပါးသားတို့၏ ကျူးကျော်နယ်ချဲ့မှုဒဏ်ကို ခံခဲ့ရပြီး နှစ်ပေါင်း (၆၀) ကျော် သူ့ကျွန်ဘဝဖြင့် နေထိုင်ခဲ့ကြရသည်။ သို့သော် လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကြိုးစားအားထုတ်ခဲ့မှုကြောင့် မြန်မာသက္ကရာဇ် ၁၃၀၉-ခုနှစ်၊ ပြာသိုလဆုတ် (၉)ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)တနင်္ဂနွေနေ့တွင် ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဖြစ်သို့ ရောက်ခဲ့ပြီဟု ကြေညာနိုင်ခဲ့ပေသည်။

ပြည်သူလူထုတစ်ရပ်လုံး၏ အင်အားဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူခဲ့သည့်သမိုင်းတွင် အဓိကကျသည့် အခန်းကဏ္ဍကပါဝင်ခဲ့သော မြန်မာ့တပ်မတော်သည် မိမိတို့၏ အကျိုးစီးပွားကိုရှေ့တန်းတင်သော၊ အာဏာယစ်မူးသော စစ်ခေါင်းဆောင်တို့၏ စနစ်တကျ ဖျက်ဆီးမှု၊ ယင်းတို့လိုလားသည့် ပုံသဏ္ဌာန် ရိုက်သွင်းကာ ပြည်သူလူထုတစ်ရပ်လုံးကို လက်နက်အားကိုး အနိုင်ကျင့်သည့် အလေ့အထကို စတင်ခဲ့မှုများ

1

ကြောင့် သမိုင်းခေတ် အဆက်ဆက်တွင် စစ်အာဏာသိမ်းမှုများပေါ်ပေါက်ကာ ပြည်သူလူထု တစ်ရပ်လုံးသည် စစ်ကျွန်ဘဝကို ကျရောက်ဖြတ်သန်းခဲ့ရသည့် ကာလသည်လည်း ထပ်မံရှည်ကြာခဲ့ရပေသည်။

ယခုကာလသည်လည်း ခေတ်အဆက်ဆက် စစ်အာဏာရှင်များထက် ပိုမို သိမ်ဖျင်းသော၊ ရိုင်းစိုင်းယုတ်မာသော၊ အသိဉာဏ်ဆင်ခြင်တုံ့တရားကင်းမဲ့သော စစ်အာဏာရှင်တစ်စုတို့က ပြည်သူ့အာဏာကို မတရားလုယူ သိမ်းပိုက်ပြီး တိုင်းပြည်၏ အနာဂတ်တစ်ခုလုံးအား နင်းခြေဖျက်ဆီးရန် ကြိုးစားနေခြင်းကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ခေါင်းငုံ့မခံပဲ ရင်ဆိုင်တုံ့ပြန်နေကြသည့် အချိန်ကာလဖြစ်သည်။

တစ်နိုင်ငံလုံးရှိ ပြည်သူ့ကိုယ်စားပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ ၊ ပြည်သူများ အားလုံး၏ နှစ်သစ်ကူးထုတ်ပြန်ချက်များ၊ ပြောကြားချက်များတွင် ထင်ရှားပေါ်လွင်လျက်ရှိသော စစ်အာဏာရှင်အမြစ်ဖြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ဘုံရည်မှန်းချက်ပန်းတိုင်ကို မျက်ချေပြတ်မခံပဲ လူအင်အား၊ လက်နက်အင်အား မိမိထက် အဆပေါင်းများစွာသာလွန်သော တိုင်းတပါးနယ်ချဲ့များကို တော်လှန်စိတ်ဓာတ်များ လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဖွဲ့ခတ်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် သမိုင်းအောင်ပွဲ၏ အောင်စိတ်ကို နှလုံးသွင်းလျက် အကြမ်းဖက်စစ်အာဏာရှင်အား အမြစ်ဖြတ်၍ ဒုတိယလွတ်လပ်ရေးကို အရယူပြီး နိုင်ငံသစ်ကိုထူထောင် နိုင်ကြရန် လက်ရှိ ရရှိလျက်ရှိသော စည်းလုံးညီညွတ်မှုဖြင့် ရှေ့ဆက်ချီတက်သွားကြပါစို့ဟု အလေးအနက် တိုက်တွန်းရင်း ဤသဝဏ်လွှာကိုပေးပို့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

2

၃။ အကြမ်းဖက်စစ်ကောင်စီ၏ အတုအယောင် ရွေးကောက်ပွဲအတွက် လူဦးရေစာရင်းကောက်ယူနေမှုကို ပြည်သူများ မပူးပေါင်းရေး တော်လှန်ရေးအင်အားစုများ တိုက်တွန်း

မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်စုက တရားမဝင် အတုအယောင် ရွေးကောက်ပွဲအတွက် ဇန်နဝါရီ ၉ ရက်ကနေ ၃၁ ရက်အထိ ၂၃ ရက်အတွင်း တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူရန် ကြံစည်နေကြောင်း "နိုင်ငံအတွင်း လူဦးရေစာရင်း မှန်ကန်ရေးနှင့် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးရန်" ဟူသည့် ခေါင်းစဉ်ဖြင့် အကြိုမဲစာရင်းကောက်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည့်အပြင် တော်လှန်ရေးရဲဘော်များနှင့် မိသားစုဝင်များ၊ CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သပိတ်မှောက် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပစ်မှတ်ထား ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ပစ်မှတ်ထား ရှာဖွေ ဖော်ထုတ်ပြီးချိန်တွင် ပိုင်ဆိုင်မှုများသိမ်းယူခြင်း၊ မတရားဖမ်းဆီးခြင်း၊ စောင့်ကြည့်ခြင်းများ အပါအဝင် မျှော်မှန်းမထားနိုင်သည့် ဖိနှိပ်ရမ်းကားမှုများကျူးလွန်လာနိုင်ကြောင်း ထောက်ပြထားပြီး အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင် အတုအယောင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်ကို လူထုအားဖြင့် တိုက်ဖျက်ဆန့်ကျင်ကြရန် တိုက်တွန်းထားသည်။ https://bit.ly/3GNeOxt

တော်လှန်ရေးအင်အားစုများမှ ပြည်သူလူထုတရပ်လုံးသို့ နှိုးဆော်ပန်ကြားချက်

ရက်စွဲ ။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့

မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်အုပ်စုသည် တရားမဝင်အတုအယောင်ရွေးကောက်ပွဲအတွက် ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ (၂၃) ရက်တာ **"တစ်အိမ်တက်ဆင်း"** လူဦးရေစာရင်း ကောက်ယူသွားရန် ကြံစည်လျက်ရှိသည်။

"နိုင်ငံအတွင်းရှိ လူဦးစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရန်"ဟု ခေါင်းစဉ်တပ်၍ အကြိုမဲစာရင်းများကောက်ယူရန် ပြင်ဆင်လာခြင်းဖြစ်သည့်အပြင် အမြို့မြို့အနယ်နယ်ရှိ **တော်လှန်ရေးရဲဘော်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သပိတ်မှောက်နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများ၊ ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများ**ကို ပစ်မှတ်ထား ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်လာခြင်းဖြစ်သည်။ ထိုသို့ ပစ်မှတ်ထားရှာဖွေဖော်ထုတ်ပြီးပါက ပိုင်ဆိုင်မှုများသိမ်းယူခြင်း၊ မတရားဖမ်းဆီးခြင်း၊ စောင့်ကြည့်ခြင်းတို့အပါအဝင် မျှော်မှန်းမထားနိုင်သည့် ဖိနှိပ်ရမ်းကားမှုများကို ကျူးလွန်လာနိုင်ပါသည်။

စကစ၏ တရားမဝင် အတုအယောင်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လူထုအားဖြင့် တိုက်ဖျက် ဆန့်ကျင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်လာမည့် တအိမ်တက်ဆင်း လူဦးရေစာရင်း ကောက်ယူရေးအကြောင်းပြ၍ လူထု၏ အချက်အလက်များ၊ ပိုင်ဆိုင်မှုများကို ရန်ရှာခြိမ်းခြောက်လာမည့် အရေးအတွက် လူထုတရပ်လုံးအနေဖြင့် အောက်ပါအတိုင်း တညီတညွတ်တည်း တုန့်ပြန်ရင်ဆိုင်ကြပါရန် တိုက်တွန်းနှိုးဆော်သည် -

၁။ ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ တအိမ်တက်ဆင်း လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ငြင်းဆန်၊ မပူးပေါင်းကြပါရန်။

၂။ အတင်းအဓမ္မ ခြိမ်းခြောက်မှုများရှိလာပါက ရနိုင်သည့်နည်းပေါင်းစုံဖြင့် မှတ်တမ်းတင်ထားပါရန်။

၃။ မတရားခြိမ်းခြောက်မှုများကြောင့် လူဦးစာရင်းပေးရပါကလည်း အချက်အလက်အမှားများသာပေးကြရန်။

၄။ မိမိတို့ပတ်ဝန်းကျင်တွင် လူဦးရေစာရင်းကောက်ယူမှုအခြေအနေများကို Telegram Scout channel များသို့ဖြစ်စေ၊ သတင်းမီဒီယာများနှင့် သပိတ်အင်အားစုများ၏ လူမှုကွန်ရက် (Facebook) စာမျက်နှာများသို့ ဖြစ်စေ အချိန်နှင့် တပြေးညီ သတင်းပေးပို့ကြပါရန်။

၅။ တအိမ်တက်ဆင်း မြေပြင်လူဦးစာရင်းကောက်ယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စကစဘက်တော်သား ဒလန်သတင်းပေးများကို သေချာမှတ်သားထား၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ တရားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများကို အမြန်ဆုံး သတင်းပေးပို့ တိုင်ကြားရန်။

"တရားမဝင် အတုအယောင်ရွေးကောက်ပွဲ... လူထုအားနဲ့တိုက်ဖျက်ကြ"

ကာကွယ်ရေးဝန်ကြီးဌာန

၄။ တပ်ရင်းအသစ်များ တိုးချဲ့စုဖွဲ့ရန် ပြင်ဆင်နေကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(မန္တလေး)(အမျိုးသားညီညွတ်ရေးအစိုးရ၊ကာကွယ်ရေးဝန်ကြီးဌာန တပ်ရင်းအမှတ်-၁၂၀၁၊၁၂၀၂၊ ၁၂၀၃၊ ၁၂၀၄၊ ၁၂၀၅) တို့ တွေ့ဆုံခဲ့ကြပြီး ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) သည် အမျိုးသားညီညွတ်ရေး အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် စုဖွဲ့ထားသော တော်လှန်ရေးတပ်ဖွဲ့ဖြစ်ပြီး လက်ရှိတွင် တပ်ရင်း ၅ ရင်းဖြင့် စုဖွဲ့ထားကာ တပ်ရင်းအသစ်များ တိုးချဲ့ စုဖွဲ့ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။ https://bit.ly/3VOmWSM

ကျန်းမာရေးဝန်ကြီးဌာန

၅။ အကြမ်းဖက်စစ်တပ်ကြောင့် မီးဘေးသင့်ခဲ့ရသည့် ပြည်သူများအား ပြည်သူ့ကာကွယ်ရေးတပ်များက ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေး

ရွှေဘိုခရိုင် ပြည်သူ့ကာကွယ်ရေးတပ် အမှတ် ၁၈ တပ်ရင်းက (ဝက်လက်မြို့နယ် နယ်စည်းမခြားတော်လှန် ရေးအင်အားစု) နယ်မြေအတွင်း အကြမ်းဖက်စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်မီးလောင်ဆုံးရှုံး ခဲ့ရသည့် ကျေးရွာများကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ အဆိုပါကျန်းမာရေးစောင့်ရှောက်မှုအား တပ်ရင်းမှူးဗိုလ်စွန်ရဲ၊ တပ်ရင်းဆေးတပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေး တာဝန်ခံ များ၊ ရပ်/ကျေး ပအဖ၊ ပကဖ၊ ပလဖ များပူးပေါင်းပြီး ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးရန် လိုအပ်နေသည့် လူနာ ၁၉၅ ဦးကို ကျန်းမာရေး စောင့်ရှောက် ကုသမှုများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

https://bit.ly/3w5B1kx

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၆။ စစ်ကိုင်းတိုင်း ၊ မြင်းမူမြို့နယ်တွင် မီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်း

အကြမ်းဖက်စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုများကို ကာကွယ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြင်းမူမြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းလိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

https://bit.ly/3ihuKil

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

မြင်းမူမြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းခြင်း
အမိန့်ကြော်ငြာစာမှတ် (၁/၂၀၂၃)
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်အတွင်း အကြမ်းဖက် စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုများကို ကာကွယ်နိုင်ရန်၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြင်းမူမြို့နယ် မီးဘေးလုံခြုံရေး အဖွဲ့အား ဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၇။ နိုင်ငံတကာမှအားပေးထောက်ခံမှု ပိုမိုအားကောင်းလာပြီး အောင်မြင်မှုပန်းတိုင် မဝေးတော့ကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် ပြောကြား

တော်လှန်ရေးသည် အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများသည်လည်း စိတ်ရောကိုယ်ပါ ပင်ပန်းနေကြပြီ ဖြစ် ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ တစ်နှစ်မဟာဗျူဟာကို စီမံချမှတ်ပြီး ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ယခုဆိုလျှင် နိုင်ငံတကာမှအားပေးထောက်ခံမှုသည်လည်း ယခင် က ထက် ပိုမို အားကောင်း လာပြီဖြစ်သည့်အတွက် အောင်မြင်မှုပန်းတိုင်သည် မဝေးတော့၍ အားလုံး တက်ညီလက်ညီ ကြိုးစားချီတက်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇန်နဝါရီ ၃ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းလွှတ်တော်ကိုယ်စားပြုကော်မတီများ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ https://bit.ly/3VOn44I

၈။ လက်ရှိကာလတွင် စည်းလုံးညီညွတ်မှုသည် ယခင်ကထက်များစွာ ခိုင်မာလာပြီဖြစ်ကြောင်းပြသကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ်တိုက်တွန်း

တရားဥပဒေစိုးမိုးနိုင်ရန်အတွက် နယ်မြေစိုးမိုးမှုသည် လွန်စွာအဓိကကျသည့်အတွက် စစ်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ အားလုံးသည် ဆက်စပ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တော်လှန်ရေးကာလအစိုးရတစ်ရပ်ဖြစ်သောကြောင့် ပုံမှန်အချိန်များထက် ပို၍ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုအချိန်တွင် အားလုံး၏ စည်းလုံးညီညွတ်မှုသည် ယခင်ထက်များစွာ ခိုင်မာလာပြီကို ပြသရန်လိုအပ်ကြောင်း၊ စည်းလုံးညီညွတ်ရေးတွင် ယုံကြည်မှုသည်အဓိကကျသဖြင့် အချင်းချင်းကြားယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အချင်းချင်းကြား ယုံကြည်မှုတိုးတက်ရန်အတွက် စဉ်ဆက်မပြတ်ထိတွေ့ ဆက်ဆံရေးသည် အရေးကြီးကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇန်နဝါရီ ၅ ရက်တွင်ပြုလုပ်သည့် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်း ပြောကြားခဲ့သည်။

https://bit.ly/3vKxnfJ

၉။ ပုသိမ်ထောင်အတွင်း အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှုများအား ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများထံမှတ်တမ်းများပေးပို့ပြီး အရေးယူရန်ဆောင်ရွက်မည်ဟု NUG ထုတ်ပြန်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နှင့် (၆) ရက်တို့တွင်စတင်၍ ပုသိမ်ထောင်အတွင်း အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ ထောင်ဝန်ထမ်းများ၏ အကြမ်းဖက်မှုကြောင့် မတရားဖမ်းဆီး အကျဉ်းချခံနေရသည့် ပြည်သူတစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး၊ (၇၀) ဦးခန့် ဒဏ်ရာရရှိခဲ့ကာ၊ တစ်ဦးပျောက်ဆုံးခြင်းအား ကုလသမဂ္ဂ အပါ အဝင် နိုင်ငံတကာ အဖွဲ့အစည်းများထံမှတ်တမ်းများပေးပို့ကာ အရေးယူဖို့ဆောင်ရွက်သွားမည်ဟု အမျိုး သား ညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီး ဌာနက ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်တွင် ကိုဝင်းမင်းထက် အပါအဝင် မတရားဖမ်းဆီး အကျဉ်းချခံနေရသည့် ပြည်သူရှစ်ဦးက သေဒဏ်ချမှတ်စီရင်ရန် ကြိုးပမ်းမှုများနှင့်ပတ်သက်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြရာ ၂၀၂၃ ဇန်န ဝါရီလ (၅) ရက် ည (၁၁) နာရီခန့်တွင် ထိုပြည်သူ ရှစ်ဦးကို ရိုက်နှက်နှိပ်စက်ခဲ့ပြီး ခုနစ်ဦးကို တိုက်ပိတ် ခဲ့ရာ ယင်းတို့ထဲမှ ကိုဝင်းမင်းထက် ပျောက်ဆုံးနေကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်တွင် အင်အား (၅၀) ခန့်ရှိ ထောင်ဝန်ထမ်းများက မတရားဖမ်း ဆီး အကျဉ်း ချခံထားရသူများကို ဝင်ရောက်အကြမ်းဖက်နှိပ်စက်ခဲ့ကြပြီး ပစ်ခတ်မှုကြောင့် အကျဉ်းချခံနေရသည့် ပြည်သူအများအပြား ထိခိုက် ဒဏ်ရာရခဲ့ကာ ကိုဝေယံဖြိုး အသက်ဆုံးရှုံးခဲ့ရပြီး ပြည်သူ ၉ ဦးအသက်အန္တရာယ်စိုးရိမ်နေရကြောင်း ဖော်ပြထားသည်။

ထောင်တွင်းအကြမ်းဖက်မှုများတွင် ထောင်ဝန်ထမ်း မဟုတ်သည့် ရဲနှင့် စစ်ဥပဒေ ချိုးဖောက်မှုများနှင့် အကျဉ်းချခံထားရသူ အယောက် (၂၀) ခန့်က ပါဝင်ကျူးလွန်ခဲ့ကြသည်ကို စုံစမ်းသိရထားပြီး ဖြစ်စဉ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတရား သတ်ဖြတ်မှုများကို မှတ်တမ်းတင်ပြီး ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများထံ ပေးဖို့ကာ အရေးယူဖို့ဆောင်ရွက်သွားမည်ဟု ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3jUSKrO



တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	ဇန်နဝါရီ ၂ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်	ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန် ကြီးဌာန၊ ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ မြေပြင်အုပ်ချုပ်ရေး ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/34te3i
၂။	ဇန်နဝါရီ ၄ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် ခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး	ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန် ကြီး ဌာန၊ ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ပြီး ခရိုင်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင် ကြုံတွေ့နေရသည့်ကိစ္စရပ်များနှင့် လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3VNV55e
၃။	ဇန်နဝါရီ ၅ ရက်	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်း ရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာ ရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ CDM ဝန်ထမ်းတစ်ဦးဖြစ်သည့် လက်ထောက်ဘူမိဗေဒအရာရှိ ဦးသန်းဦး တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြင့်မြတ်စွာ ကျဆုံးသွားခြင်းအား ဝမ်းနည်းကြောင်းထုတ်ပြန်	https://bit.ly/3VOneJm

စာမျက်နှာ (၆) သို့

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၄။	ဇန်နဝါရီ ၄ ရက်	ကာကွယ်ရေးဝန်ကြီးဌာနလွတ်လပ်ရေးနေ့သန္နိဋ္ဌာန်ထုတ်ပြန်	ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ လူထုတရပ်လုံး မျှော်လင့်တောင့်တလျက်ရှိ သော နွေဦးတော်လှန်ရေးအောင်မြင်ပြီး အာဏာရှင်စနစ် အဆုံးသတ်စေရန်၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်နိုင်ရန် ပြည်သူများနှင့်အတူ တသံတည်း ချီ တညီတည်းရုန်းလျက် အားထုတ်ကြိုးပမ်းသွားမည်ဟု (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ တော်လှန်ရေး သန္နိဋ္ဌာန် ချမှတ်ခဲ့သည်။	https://bit.ly/3jYFrGS
၅။	ဇန်နဝါရီ ၆ ရက်	အမျိုးသားညီညွတ်ရေး အစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ နှင့်ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များတွေ့ဆုံဆွေးနွေးပွဲ	ဘဏ္ဍာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ အခွန်ကောက်ခံမှု၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3VTIDAW